# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

# လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ၃၀ နေရာအတွက် အောက်ပါသတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) တက္ကသိုလ်တစ်ခုခုမှ အနည်းဆုံးဘွဲ့တစ်ခုခုရရှိထားသူ ဖြစ်ရမည်၊
- (ဂ) ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်၊
- (ဃ) ၁-၁၀-၂၀၂၅ ရက်တွင် (၂၈) နှစ်ထက် မကျော်စေရ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက (၃၀) နှစ်ထက် မကျော်စေရ၊
- (င) မဟာဘွဲ့နှင့်အထက် ရရှိသူများအတွက် ၁-၁၀-၂၀၂၅ ရက်တွင် (၃၀) နှစ်ထက် မကျော်စေရ၊
- (စ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၂။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များကို ဖော်ပြ၍ ကိုယ်တိုင်လက်မှတ်ရေးထိုး လျှောက်ထားရမည်-

- (က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ခ) မွေးနေ့သက္ကရာဇ် (အသက်)၊
- (ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊
- (ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊
- (င) အိမ်ထောင်ရှိ/မရှိ၊ အိမ်ထောင်ရှိလျှင် ဇနီး/ခင်ပွန်း၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာဖော်ပြရန်၊
- (စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်နှင့် နေရပ်
- (ဆ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ ပူးတွဲပါရှိရမည်-

- (က) တစ်လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓါတ်ပုံနှစ်ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊
- (ခ) ဘွဲ့လက်မှတ်(သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၏ ထောက်ခံချက်မိတ္တူ၊
- (ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူ၊

(ဃ) (၆) လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊

( င ) နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊

( စ ) တစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း၊

(ဆ) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) မိတ္တူ၊

( ဇ ) အနည်းဆုံး ၅ နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုဝန်ခံချက်၊

( ဈ ) တစ်လအတွင်း ပြုလုပ်ထားသည့် ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးစစ်ချက်(မူရင်း)။

၅။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ နေပြည်တော်သို့ လိပ်မူ၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍ သော်လည်းကောင်း ၂၉-၈-၂၀၂၅ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၆။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

၇။ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ၈-၉-၂၀၂၅ ရက် တယ်လီဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားပါမည်။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၂-၉-၂၀၂၅ ရက်မှစ၍ လွှတ်တော်ဝင်း ဂိတ်အမှတ်(၂)၌ ရုံးချိန်အတွင်း ထုတ်ပေးမည်။

၉။ အရည်အချင်းစစ်(ရေးဖြေ)စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ၁၅-၉-၂၀၂၅ ရက် နံနက် ၀၉၀၀ နာရီမှ ၁၂၀၀ နာရီအထိ ပြည်ထောင်စု လွှတ်တော်ရုံး၊ နေပြည်တော်၌ ဖြေဆိုရမည်။

၁၀။ အရည်အချင်းစစ်(ရေးဖြေ) စာမေးပွဲအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာ စာစီစာရိုက်စစ်ဆေးခြင်းကို နှစ်သုတ်ခွဲ၍ ၂၅-၉-၂၀၂၅ ရက်နှင့် ၂၆-၉-၂၀၂၅ ရက်များတွင် နံနက် ၀၉၀၀ နာရီမှ စတင်၍ ဆောင်ရွက်မည်။ လူတွေ့စစ်ဆေးချိန်တွင် စာရွက်စာတမ်းမူရင်းများ တင်ပြရမည်။

၁၁။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ စီမံရေးဌာနကြီး ၀၉-၄၃၀၃၅၆၇၅ နှင့် ၀၉-၂၅၀၁၀၁၅၂၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။